# Twenty-Sixth Sunday in Ordinary Time (C)

**1st READING:** ***Amos 6:1a,4-7***
အာမုတ်အနာဂတ္တိကျမ်း။  ၆း ၁၊ ၄–၇

ဇိအုန်မြို့၌ငြိမ်သက်စွာနေသောသူ၊ဆင်စွယ်ခုတင်ပေါ်မှာအိပ်၍မွေ့ရာပေါ်မှာလျောင်းခြင်း၊သိုးစုထဲကသိုးငယ်တို့ကို၎င်း၊နွားတင်းကုပ်ထဲကနွားသငယ်တို့ကို၎င်းယူ၍စားခြင်း၊တယောထိုးသံနှင့်ပြိုင်လျက်သီချင်းဆိုခြင်း၊တီးမှုတ်ရာတုရိယာမျိုးအသစ်ကိုဒါဝိဒ်မင်းရှာ၍လုပ်သကဲ့သို့လုပ်ခြင်း၊စပျစ်ရည်ကိုဖလားနှင့်သောက်၍၊အဘိုးထိုက်သောနံ့သာဆီနှင့်လိမ်းခြင်းတို့ကိုပြု၍၊ယောသပ်အမျိုးဆင်းရဲခံရသည်ကိုစိတ်မကြင်နာဘဲနေသော၊ထိုသူတို့သည်အဦးဆုံးသိမ်းသွားခြင်းကိုခံရသောသူတို့နှင့်အတူပါသွားကြလိမ့်မည်။လျောင်း၍နေသောသူတို့၏ပွဲသည်လည်းပျောက်ရလိမ့်မည်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm Psalms 146: 7, 8-9, 9-10

ဆာလံကျမ်း ၁၄၆

**သံပြိုင်။** ။အိုငါ့ဝိညာဉ်ထာဝရဘုရားကိုချီးမွမ်းထောမနာပြုလော့။

R. (1b) **Praise the Lord, my soul!**

၁။ ။ ကိုယ်တော်သည်အစဉ်ထာဝရသစ္စာတည်တော်မူ၏။ ကိုယ်တော်သည်ဖိနှိပ်ညှင်းဆဲခြင်းခံရသူတို့အတွက်တရားသဖြင့်စီရင်ပေးတော်မူ ၏။ ကိုယ်တော်သည်ငတ်မွတ်သောသူတို့စားစရာကိုပေးတော်မူ၏။ ထာဝရဘုရားသည်အကျဉ်းခံနေရသောသူတို့ကိုလွှတ်မြောက်စေတော်မူ၏ ။ **(သံပြိုင်)**

Blessed he who keeps faith forever, secures justice for the oppressed, gives food to the hungry.
The LORD sets captives free.

၂။ ။ ထာဝရဘုရားသည်မျက်စိမမြင်သောသူတို့အားမျက်စိမြင်စေတော်မူ၏ ။ကိုယ်တော်သည်လဲကျနေသူတို့ကိုထူမတော်မူ၍၊ဖြောင့်မတ်သောသူတို့ကိုချစ်မြတ်နိုးတော်မူ၏ ။ထာဝရဘုရားသည် ဧည့်သည်အာဂန္တုတို့ ကို ကြည့်ရှုစောင့်ရှောက် တော်မူ၏ ။ **(သံပြိုင်)**

The LORD gives sight to the blind. The LORD raises up those who were bowed down; the LORD loves the just. The LORD protects strangers.

၃။ ။ မုဆိုးမနှင့်မိဘမဲ့သူတို့ကိုကူညီထောက်မတော်မူ၏ ။ သို့သော်ကိုယ်တော်သည်ယုတ်မာသူတို့၏လမ်းစဉ်ကိုပျက်စီးစေတော်မူ၏ ။ အိုဇီအုံ၊သင်၏ဘုရားသခင်ထာဝရဘုရားသည်လူမျိုးအစဉ်အဆက်ထာဝရအုပ်စိုးတော်မူလိမ့်မည်။ **(သံပြိုင်)**

The fatherless and the widow he sustains, but the way of the wicked he thwarts. The LORD shall reign forever; your God, O Zion, through all generations. Alleluia.

**2nd READING:** **1Timothy 6: 11-16**
တိမောသေဦးထံပေါလုရေးသောပထမစာစောင်    ၆ါ၁၁–၁၆

အိုဘုရားသခင်၏လူ၊သင်မူကားထိုအရာအားလုံးကိုရှောင်ကြဉ်ပါ၍ဖြောင့်မတ်မှန်ကန်မှု၊ယုံကြည်ခြင်း၊ချစ်ခြင်းမေတ္တာ၊တည်ကြည်မြဲမြံခြင်း၊နူးညံ့သိမ်မွေ့ခြင်းတို့ကိုသာရည်မှန်းပါလော့။ယုံကြည်ခြင်းအတွက်ကောင်းသောတိုက်ခိုက်တွန်းလှန်မှုကိုပြုလော့။သက်သေအများတို့၏ရှေ့မှောက်၌သင်ယုံကြည်ဝန်ခံခြင်းကိုပြုခဲ့စဉ်ကသင်ဖိတ်ခေါ်ခြင်းခံရသောထာဝရအသက်တာကိုရယူပါလော့။ခပ်သိမ်းသောအရာတို့ကိုအသက်ရှင်စေတော်မူသောဘုရားသခင်၏ရှေ့မှောက်တော်တွင်လည်းကောင်းပုံစီဦးပီလာတုမင်းရှေ့၌ကောင်းသောဝန်ခံခြင်းကိုပြု၍၊မိမိကိုယ်ကိုသက်သေခံခဲ့သောခရစ်တော်ယေရှူး၏ရှေ့မှောက်တော်တွင်လည်းကောင်း၊သင့်အားငါအမိန့်ပေးသည်မှာပညတ်တော်များကိုအစွန်းအကွက်မထင်စေပဲစောင့်ထိန်း၍ငါတို့သခင်ယေရှူးခရစ်တော်ပေါ်ထွန်းသည့်တိုင်အောင်အပြစ်တင်ခွန့်ကင်းလွတ်စေရန်ပင်ဖြစ်၏။ခရစ်တော်၏ပေါ်ထွန်းခြင်းကိုအချိန်တန်လျှင်ပေါ်ထွန်းစေမည့်ပုဂ္ဂိုလ်ကားမင်္ဂလာရှိတော်မူ၍တစ်ပါးတည်းသောအရှင်ဖြစ်တော်မူသောဘုရင်တို့၏ဘုရင်သခင်တို့၏သခင်ဖြစ်တော်မူလျက်၊သေခြင်းနှင့်ကင်းသောအရှင်မချည်းကပ်နိုင်သည့်အလင်းတော်၌စံပယ်တော်မူသောအရှင်မည်သူမျှမမြင်စဖူး၊မဖြစ်နိုင်သောအရှင်ပေတည်း။ကိုယ်တော်အားဘုန်းဂုဏ်တော်နှင့်ထာဝရစိုးစံခြင်းရှိတော်မူပါစေ။ အာမင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke 16:19-31***

ရှင်လုကာဧဝံဂေလိကျမ်း ၁၆း၁၉–၃၁

တစ်ခါကသူဌေးတစ်ဦးရှိ၏ ။သူသည်ခရမ်းရောင်ပိတ်ချောထည်များကိုဝတ်ဆင်လျက်နေ့စဉ်စားသောက်ပွဲကိုကျင်းပ၍စည်းစိမ်ခံစားတတ်၏ ။သူ၏ အိမ်တံခါးအနီးတွင်လာဇရုအမည်ရှိသောသူတောင်းစားတစ်ယောက်သည်အနာစိမ်းများနှင့်တစ်ကိုယ်လုံးပြည့်လျက်လဲလျောင်းနေလေ၏ ။လာဇရုသည်သူဌေး၏ စားပွဲမှကျသည့်စားစရာအပိုင်းအစများကိုစားခွင့်ရရန်အလိုရှိခဲ့၏ ။ထိုမျှမကခွေးတို့သည်လာ၍သူ၏ အနာစိမ်းများကိုလျက်ကြ၏ ။ထိုသူတောင်းစားသေဆုံးသောအခါကောင်းကင်တမန်တို့သည်သူ့ကိုအာဘရာဟမ်၏ ရင်ခွင်သို့သယ်ဆောင်သွားကြ၏ ။သူဌေးသည်လည်းသေဆုံး၍သင်္ဂြိုဟ်ခြင်းကိုခံရ၏ ။သူသည်မရဏာနိုင်ငံ၌ပြင်းထန်စွာဒဏ်ခံရသောအခါအထက်သို့မော်၍ကြည့်လျှင်အဝေး၌အာဘရာဟမ်ကိုလည်းကောင်း၊အာဘရာဟမ်၏ရင်ခွင်၌လာဇရုကိုလည်းကောင်းမြင်လေ၏ ။ထိုအခါသူကအိုအဖအာဘရာဟမ်ကျွန်ုပ်ကိုသနားတော်မူပါ။ကျွန်ုပ်သည်ဤမီးလျှံထဲ၌ပြင်းထန်စွာဒဏ်ခံနေရပါသောကြောင့်လာဇရုသည်သူ၏လက်များကိုရေ၌နှစ်၍ကျွန်ုပ်၏ လျှာကိုအေးစေခြင်းငှာသူ့ကိုစေလွှတ်တော်မူပါဟုအော်ဟစ်အသနားခံလေ၏ ။သို့သော်အာဘရာဟမ်ကငါ့သားသင်အသက်ရှင်စဉ်အခါကစည်းစိမ်ချမ်းသာခံစားခဲ့ရသည်ကိုလည်းကောင်း၊လာဇရုသည်ကားဆင်းရဲဒုက္ခခံခဲ့ရသည်ကိုလည်းကောင်းသတိရလော့။ယခုမှာမူသူသည်နှစ်သိမ့်ခြင်းခံရ၍သင်သည်ပြင်းထန်စွာဒဏ်ခံရပြီ။ထို့အပြင်ငါတို့နှင့်သင်တို့အကြားတွင်နက်ရှိုင်းသောချောက်ကြီးတစ်ခုတည်ရှိသည်ဖြစ်၍၊ဤနေရာမှသင်တို့ဘက်သို့လည်းကောင်း၊သင်တို့နေရာမှငါတို့ဘက်သို့လည်းကောင်းဖြတ်ကူးလိုသူတို့သည်မတတ်နိုင်ကြဟုပြန်ပြောလေ၏ ။သူကလည်းအဖ၊ဤသို့ဖြစ်လျှင်လာဇရုအားကျွန်ုပ်၏ အဖအိမ်သို့စေလွှတ်ပေးပါရန်တောင်းပန်ပါသည်။ကျွန်ုပ်မှာညီငါးယောက်ရှိပါ၏ ။သူတို့သည်လည်းဒဏ်ခံရမည့်ဤအရပ်သို့မရောက်ကြစေရန်လာဇရုအားဖြင့်သတိပေးစေလိုပါသည်ဟုလျှောက်၏ ။အာဘရာဟမ်ကသူတို့၌မိုးဇက်နှင့်ပရောဖက်များရှိကြ၏ ။ထိုသူတို့၏စကားကိုနားထောင်ကြပါစေဟုဆို၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။